# အင်းလေးအလှ

စိုးလွင်မြင့်

"ရွှေပြည်သိင်္ဂါ၊ တောင်လက်ယာဝယ်၊ ထက်စွာမြင့်ခေါင်၊ ပြာရီမှောင်သည်၊ သန်းတောင်ဂီရိ၊ မိုးတရိုက၊ မြင့်ငြိစိုစို၊ မြေတခိုတွင်၊ ရေညိုပျံ့သင်း၊ ညောင်ရွှေအင်းလည်း၊ နတ်မင်းသုံးရန်၊ နန္ဒကန်နှင့်၊ သဏ္ဌာန်မခြား၊ ရေကျက်စားသည်၊ ရေသားတံငါ၊ စီးပွားရှာတို့၊ ကွန်ခြာဖွင့်ရုပ်၊ ဝင့်ကာအုပ်၍၊ ပေါင့်ပ်လူးလာ၊ မြူးစ,ကာနှင့်၊ ရှာမိုင်းသောက်ခွင်၊ ထက်ဝန်းကျင်လည်း၊ ရွှင်စဖွယ်မှု၊ သာမျိုးစုလျက်"

စိမ်းညို့ညို့တောင်ဖီလာ၊ တောင်ခမောက်၊ ဆင်တောင်၊ ဥဒေါင်းတောင်စသောတောင်တန်းကြီးများ ဝန်းရံထားသည့်ပြာလဲ့လဲ့အင်းလေးရေပြင်ဒေသအလှကို စာဆိုတော်ဦးပုညက အထက်ပါအတိုင်း စပ်ဆိုခဲ့လေသည်။

မောတို့ဌာနေ ရှမ်းတောင်တန်းများဆီမှ အင်းလေးကန်ကြီးကား အရှေ့တောင်အာရှ၏အလှအပဆုံးများထဲတွင် တစ်ခုအပါအဝင်ဖြစ်၍ ကန်၏အလျားမှာ ၁၂ မိုင်ဖြစ်ပြီး အနံ ၇ မိုင်ဖြစ်လေသည်။

ညောင်ရွှေလှေဆိပ်မှ ပွဲချိတ်စက်တပ်လောင်းလှေကို စီးကာ အင်းလေးကန်ဒေသို့ ခရီးထွက်စဉ်၌ ရေတွင် ထူထပ်စွာ ပေါက်သောအပင်များကြောင့် လှေလမ်းကြောင်းက ကျဉ်းနေသည်။ အသွားအပြန်လှေများနှင့်ဗေဒါ၊ ချုံပင်များကို ကွေ့ရှောင်၍ သွားလာရသည်မှာ စိတ်ရှုပ်စရာဟုထင်မှတ်ရသည်။ သို့သော် "အင်းလေးမှ လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသောစာတန်းပါ အဝင်မုခ်ပေါက်ကြီးကို ကျော်လွန်လိုက်သည်နှင့်တစ်ပြိုင်နက် ရှုခင်းက လုံးဝပြောင်းလဲသွားပေတော့သည်။ တမျှော်တခေါ် ပင်လယ်ပြင်ကျယ်ကြီးထဲသို့ ရောက်သွားသည့်အလား ဖြစ်သည်။ လှေတွင် ခရီးသည်၂၀ ခန့် ပါရှိပေရာ အလေးချိန်ကြောင့် လှေက ရေတွင် အတော်စူးဝင်နေသည်။ လှေနံနှင့်ရေပြင် တစ်ထွာမျှသာ ကွာပေမည်။ ပွဲချိတ်စက်အားဖြင့် တဒီးဒီးပြေးလွှားနေသောလှေသည် မိမိကိုယ်ကို မိမိ ယုံကြည်စိတ်ချဟန် ရှိသည်။ ဦးကိုမော့ကာ ရေလွှာသင်ဖြူးကို ခွဲခြမ်းဖျာထွက်စေပြီးရှေ့သို့သာ



ebook is created by www.ShanYoma.Org

တစ်ရှိန်ထိုး ပြေးနေတော့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏အလှကျက်သရေဆောင် အင်းလေးအလှကို ကြည့်ရှုရင်း ရုံဖန်ရုံခါမှသာ လှေစီးရသူတစ်ဦးအဖို့ အသည်းတစ်အေးအေးဖြင့်လည်း ခံစားနေမိသည်။

ခြေတစ်ချောင်းဖြင့် လှော်ခတ်လာသောအင်းသား ရေလုပ်သားကြီး၏လှေငယ်ကလေးများကိုလည်း ရေပြင်တွင် ရုံဖန်ရုံခါ တွေ့ရှိရပေရာ နောက်ခံတောင်တန်းကြီးများဖြင့် အင်းလေး၏အလှ၊ သဘာဝမှာ ထူးထူးခြားခြား ပေါ်လွင်လှပေသည်။

မိုးရာသီဥတုတွင် စတုရန်းမိုင် ၆၀ မျှအထိ ကျယ်ဝန်းသော ဤအင်းလေးကန်ရေပြင်ဒေသတွင် နေထိုင်ကြသော ပြည်ထောင်စုဖွားအင်းသားများသည် မြန်မာနိုင်ငံတောင်ပိုင်းမှ ရောက်လာကြသူများ ဖြစ်သည်ဟုသိရသည်။ အချို့က ထားဝယ်သားအဆက်အနွယ်များဖြစ်သည်ဟုဆိုသည်။ အလောင်းစည်သူမင်းလက်ထက် မင်းကြီး တိုင်းခန်းလှည့်လည်ရာ ပုဂံသားတို့ပါလာပြီး မြို့ပြတည်ထောင်နေထိုင်ကြသဖြင့် အင်းသားများသည် ပုဂံသားများ ဖြစ်သည်ဟုလည်းဆိုကြသည်။

အင်းသားများ ပြောဆိုသောစကားမှာ မြန်မာစကားတစ်မျိုးဟုဆိုရပေမည်။ အင်းသားစကားနှင့်အများအားဖြင့် တူညီသောစကားမှာ ထားဝယ်စကားဖြစ်သည်။ အင်းသားစကားကို မြောက်ထားဝယ်စကားဟုလည်း ဆိုကြသည်။ ရခိုင်စကားကဲ့သို့သော ရကောက်၊ ယပက်လက်သံများ၊ ယပင့်နှင့်ရရစ်သံများကို ပီသစွာဆိုသည်။ တစ်ချို့စကားလုံးများကို ဖျောက်၍ဆိုသည်။ ဥပမာ– ကျီးကန်းကို ကီးဟူ၍လည်းကောင်း၊ ကြောက်ကို ကရောက်ဟူ၍လည်းကောင်း ဆိုသည်။ သအသံကို စနှင့်ဆအသံများဖြင့် ပြောတတ်သည်။ တစ်ဦးကိုတစ်ဦးခေါ်ရာတွင် မိန်းမများအမည်ရှေ့တွင်“မယ်”တပ်၍လည်းကောင်း၊ ယောကျ်ားများအမည်ရှေ့တွင် “အယ်”တပ်၍လည်းကောင်း၊ ခေါ်တတ်သည်။ ဘုရားတကာ၊ ကျောင်းတကာတို့ကို ခေါ်ရာတွင် တ,ကိုမြှုပ်၍ ဘုရားကာ၊ ကျောင်းကာဟူ၍သာ ခေါ်ကြသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ အိမ်တိုင်းတွင် ဘုရားစင်များကို ခမ်းနားသပ္ပါယ်ကြည်ညိုဖွယ်ရာ ထားရှိကြသည်။ နတ်ကိုးကွယ်မှုအသင့်အတင့် ရှိသည်။

အင်းလေးကန်ဒေသတွင် လူဦးရေ တစ်သိန်းကျော်ရှိပြီး ကျေးရွာပေါင်း ၂၀၀ မျှရှိသည်။ အိမ်များကို အများအားဖြင့် ရေထဲတွင် ခြေတံရှည်များဖြင့် ဆောက်လုပ်ထားပြီး တစ်အိမ်နှင့်တစ်အိမ် လှေများဖြင့်ပင် သွားလာရလေသည်။ ရေတွင်ပျော်သော အင်းသားများသည် ရေထဲမှာပင် မြေကို ဖန်တီးကာ စိုက်ပျိုးကြသည်။ မြေစိုင်မြေခဲများကို ရေအောက်မှရေပေါ်သို့ ခဲခဲယဉ်းယဉ်းဆယ်ယူပြီး ဖြတ်သူဖြတ်၊ ဖို့သူကဖို့နှင့်မိသားစုစိတ်ဓာတ်ဖြင့် လုပ်ကိုင်ကြပေသည်။ ထိုကဲ့သို့သောမြေစိုင်မြေခဲများကို စုပေါင်း၍ ဝါးများဖြင့် စည်းလိုက်သောအခါ ရေပေါ်မှ“ကျွန်းမျော”များဖြစ်လာလေ

ebook is created by www.ShanYoma.Org

သည်။ ယင်းကျွန်းမျောများပေါ်တွင် သီးနှံပင်များ စိုက်ပျိုးလေသည်။ ကျွန်းမျောများကို ရေအောက်မြေပြင်သို့ ရောက်အောင် တစ်ခုပေါ်တစ်ခုဆင့်ပြီး မျောပါမသွားအောင် စူးများ ဝါးများဖြင့် ဘောင်ခတ်၍လည်း ကုန်းမြေအဖြစ် ဖန်တီးကာ စိုက်ပျိုးကြသေးသည်။ အဆိုပါကျွန်းမြေမျိုးကို ကျွန်းမြဲဟုခေါ်လေသည်။

အင်းလေးကန်မှရရှိသော ငါးဖိန်း၊ ငါးကြင်း၊ ငါးဖယ်၊ ငါးခုန်းမစသည့်ငါးများကို ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ပွေးလှစသောမြို့ကြီးများသို့ တင်ပို့ရောင်းချလေသည်။ ဈေးနေ့သည် ယင်းမြို့ကြီးများကဲ့သို့ပင် ငါးရက်တစ်ဈေးကျ ဖြစ်လေသည်။ ဈေးရောင်းသူများသည် ရောင်းကုန်ပစ္စည်းများကို လှေပေါ်တွင်ပင် ထိုင်၍ရောင်းလေသည်။ ဈေးဝယ်သူများကလည်း လှေဖြင့်ပင် လိုက်၍ဝယ်ယူကြလေသည်။ ဈေးတွင် ဟင်းသီးဟင်းရွက်နှင့် အသားငါးများ၊ အသုံးအဆောင်ပစ္စည်းများတွင် အဝတ်အထည်များ၊ စဉ့်အိုး၊ ဓားအစရှိသည်တို့ကို ရောင်းလေသည်။ အင်းလေး၊ ဘန်ကောက်၊ ဇင်းမယ်တွဲပိုးကြိုးထရံ၊ အင်းလေးလွယ်အိတ်၊ အင်းလေးစောင် စသည်တို့သည် မြန်မာနိုင်ငံတွင် ထင်ရှားသော အင်းလေးဒေသထွက်ပစ္စည်းကောင်းများပင်ဖြစ်သည်။ ထို့ကြောင့်ပင် အဆိုပါရက်ကန်းထည်များကို ပြည်တွင်းနေ ပြည်ထောင်စုသားများသာမက နိုင်ငံခြားတိုင်းသားများကပါ အထူးနှစ်သက်ကြခြင်း ဖြစ်လေသည်။ အင်းပေါ်ခုံရွာသည် ဘန်ကောက်ထည်လုပ်ငန်းတွင် ထင်ရှားလေသည်။ အဆိုပါလုပ်ငန်းများအပြင် ငွေပန်းထိမ်လုပ်ငန်းနှင့်ပန်းပဲလုပ်ငန်းများသည်လည်း အင်းလေးဒေသ၏ထင်ရှားသောလုပ်ငန်းများ ဖြစ်လေသည်။ အနုပညာလက်ရာမြောက်သော ငွေဖလား၊ ငွေထုံးဘူး၊ ငွေကလပ်၊ ငွေကြယ်သီးစသည့်ငွေထည်ပစ္စည်းများ ထွက်ရှိလေသည်။

အင်းသားအမျိုးသားများသည် ရှမ်းအမျိုးသားများကဲ့သို့ပင် ရှမ်းပင်နီဘောင်းဘီနှင့်ပင်နီတိုက်ပုံကို ဝတ်ဆင်၍ အမျိုးသမီး၏ဝတ်ဆင်ပုံမှာမူ မြန်မာအမျိုးသမီးများ ဝတ်ဆင်ပုံအတိုင်းပင်ဖြစ်လေသည်။ အင်းသူအင်းသားများသည် ရိုးသားပွင့်လင်းကာ ခင်မင်တတ်သူများလည်းဖြစ်သည်။ အသိမိတ်ဆွေမရှိပဲ အလည်ရောက်ရှိလာသော ဧည့်သည်များအား ဖော်ရွေစွာ နှုတ်ဆက်ပြီးပဲယို၊ နမ်းယို၊ ပဲလုံးကြီးပြုတ်၊ ဂျူးမြစ်သုပ်၊ ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးမည်မှာ သေချာပေသည်။ အင်းလေးဒေသထွက် ဆန်များတွင် လင်ပန်းရှောနှင့်ကောက်ရင်ဆန်တို့သည် အကောင်းဆုံးဖြစ်လေသည်။ ဆေးခါးဟင်း၊ ကြွေမုန့်ကြော်၊ ငါးခြောက်ကြော်၊ သားရေကြော်။ ဂျူးမြစ်သုပ်၊ ပဲငါးပိစသည့်ဒေသခံ ဟင်းလျာများဖြင့် အငွေ့တစ်ထောင်းထောင်း "လင်းပန်းရှော"ဖြင့် လွေးလိုက်ရပါက လွန်စွာမြိန်ယှက်လှပေသည်။ ဆေးခါးဟင်းသည် ငှက်ဖျားရောဂါကာကွယ်ဆေးတစ်မျိုးဖြစ်သည်ဟုသိရသည်။

ebook is created by www.ShanYoma.Org

အင်းသူအင်းသားများသည် ဘာသာရေးတွင် အထူးလေးစားယုံကြည်သူများဖြစ်လေသည်။ အလှူပွဲ၊ မင်္ဂလာပွဲများ ပြုလုပ်ရာတွင်လည်း မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းစုပေါင်းလုပ်ဆောင်ကြလေသည်။ လုပ်အားတတ်နိုင်သူက လုပ်အားဖြင့် ကူကာ ငွေကြေး၊ ဆန်၊ ဆီ၊ ဆားထည့်နိုင်သူတို့ကလည်း ထည့်ဝင်ကူညီလေသည်။ ရာသီအလိုက် ပွဲတော်များ၊ ဘုရားပွဲများလည်း ကျင်းပကြသည်။ သီတင်းကျွတ်လဆန်းတွင် ကျင်းပလေ့ရှိသောနမ့်ဟူးရွာရှိ ဖောင်တော်ဦးဘုရားပွဲသည် ရှမ်းပြည်တောင်ပိုင်းတွင်သာမက မြန်မာပြည်ထောင်စုတစ်ဝန်းနှင့်ကမ္ဘာ့နိုင်ငံများကပင် စိတ်ဝင်စားသော ပွဲတော်တစ်ခု ဖြစ်လေသည်။ တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပသော ယင်းပွဲတော်ကြောင့် တစ်နှစ်လုံး ဆိတ်ငြိမ်အေးချမ်းစွာ တည်ရှိခဲ့သော အင်းလေးကန်ရေပြင်တွင် ပျော်ရွှင်ဖွယ်ရာများ၊ စိတ်လှုပ်ရှားဖွယ်ရာများ၊ ကြည်နူးဖွယ်ရာများဖြင့် ပြည့်လျှမ်းကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့သည်။

ယင်းဘုရားပွဲသည် ဖောင်တော်ဦးစေတီရှိ ဗုဒ္ဓရုပ်ပွားတော် ငါးဆူအနက် လေးဆူကို ကရဝိတ်ဖောင်တော်တွင် တင်ကာ အင်းလေးဒေသတစ်ခွင် အဖူးမြော်ခံဒေသစာရီ ကြွချီတော်မူခြင်းပင်ဖြစ်လေသည်။ ဘုရားလှည့်လည်ရာတွင် အတူလိုက်ပါသူများ၊ ရောက်ရာအရပ်၊ ကျေးရွာများမှ ဆီမီးဆွမ်းပန်းများဖြင့် လှူဒါန်းသူများ၊ အခြားအရပ်ဒေသများမှ ဧည့်သည်များဖြင့် အထူးစည်ကားလှပေသည်။ ထိုသို့ အဖူးမြော်ခံရာ၌ ရုပ်ပွားတော်များ စတင်ထွက်ခွာသည်မှ ဖောင်တော်ဦးစေတီသို့ပြန်လည်ရောက်ရှိသည်အထိ ရက်ပေါင်း ၁၉ ရက်ခန့်ကြာလေသည်။

ပြည်ထောင်စု၏ကျက်သရေဆောင် အင်းလေးသည် ရေမြေသဘာဝအရ လှပနေသကဲ့သို့ ပြည်ထောင်စုဖွား အင်းသားများ၏ဓလေ့စရိုက်များကလည်း လေးစားဖွယ်၊ ချစ်စဖွယ်လှပနေတော့သည်။

စိုးလွင်မြင့်

မှတ်ချက်။ ။စန္ဒာရုပ်စုံမဂ္ဂဇင်း၊ ၁၉၈၁–ခုနှစ်၊ ဇွန်လိုင်လထုတ်၊ အမှတ် (၁၄၈)၊ စာမျက်နှာ (၃ မှ ၅)အထိ လာရှိသော ဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားပါသည်။

ebook is created by www.ShanYoma.Org